# စုစည်းပူဇော်သူ၏ အမှာစာ

စာရှုသူများ လွယ်ကူစွာ ဖတ်ရှုမှတ်သား ကျင့်ကြံပွားများအားထုတ်နိုင်ရန် နိုင်ငံကျော် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပြည်တွင်းပြည်ပ ကြွရောက်ပြီး တရားဓမ္မများ ဖြန့်ဝေ ဟောကြားနေကြသော မိုးကုတ် ဓမ္မကထိကများ တစ်စုတစ်ဝေးတည်း စာဖတ်သူများ လွယ်ကူစွာ စုစည်း ဖတ်မိသွားအောင် CD, DVDမှ တစ်ဆင့် တိပ်ခွေ၊ တိပ်ခွေမှတစ်ဆင့် စာသားအဖြစ် ကူးယူပြီး စာအုပ်အဖြစ် ထုတ်ဝေခဲ့ရပါတယ်။ ဆရာတော်များ၏ တရားတော်များသည် နေ့ပွဲညပွဲ စုံလင်စွာဟောကြားထားသောကြောင့် အထူးပင်ကောင်းမွန်လှပါတယ်။

တရားတော်များသည် မိုးကုတ်ဓမ္မကထိကဆရာတော်များ ဟောကြားထားသောကြောင့် ဝိပဿနာလမ်းကြောင်းပေါ်မှ သစ္စာဆိုက်ပြ၍ နိဗ္ဗာန်ကိုပြသွားသောကြောင့် စာအုပ်နာမည်ကို **"နိဗ္ဗာန်လမ်းပြ တရားတော်များ"** ဟု ထုတ်ဝေလိုက်ပါတယ်။

အဲဒီ နိဗ္ဗာန်လမ်းပြ တရားတော်များတွင် အမရပူရ ပတ္တမြားရိပ်သာဆရာတော် ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ် ဟောကြားထားတော်မူသော တရားတော်က **"သင်္ခါရကုန်ပျောက် နိဗ္ဗာန်ရောက်**



**တရားတော်"** ပင် ဖြစ်ပါတယ်။ အဲဒီတရားတော်မှာက အရှိန့စ်ပါးကို သတိထားခြင်း၊ ခန္ဓာငါးပါးက ပင်ကိုအရှိ ပညတ် ပရမတ် ခွဲခြားမှတ်သားခြင်း၊ ယောဂီများ ဝိပဿနာရှုမှတ်တယ်ဆိုတာ ခန္ဓာကိုယ်ကို စောင့်ကြည့်တဲ့အလုပ် စသဖြင့် နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရမဟာထေရ်မြတ် ဟောကြားထားတော်မူသော တရားတော်က **"အသေပြင်ကြပါတော့ တရားတော်"**မှာက ယောဂီများ ရုပ်နာမ်ဓမ္မသင်္ခါရကို သိရခြင်း၊ အချိန်တိုင်းတွင် ဝိပဿနာ တရားတော်များ သိနားလွယ်နိုင်ခြင်း၊ အကျိုးငှာ ပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက် နားလည်ရမှာဖြစ်ခြင်း၊ ဒါမှ ခန္ဓာသိမြင် နိဗ္ဗာန်ဝင်နိုင်မှာဖြစ်ခြင်း စသဖြင့် နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

ကျိုက္ကလော့ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသ မဟာထေရ်မြတ် ဟောကြားထားတော်မူသော တရားတော်က **"ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်"** တဲ့။ အဲဒီတရားတော်မှာက ဘယ်လိုနည်းတွေနဲ့ရှုမှတ်ရမလဲ၊ မိမိတို့ကိုယ်တိုင်က တရားဘယ်လိုအားထုတ်ကြမှာလဲ၊ တရားအားထုတ်ဖို့ အချိန်မအားသေးဘူးလို့ ပြောကြတယ်၊ အားတဲ့အချိန် ဘယ်လိုတရားရှုမှတ်ကြမှာလဲ၊ ဥပမာတွေကြည့်ပြီး တရားအားထုတ်ကြရမှာ ဖြစ်ကြောင်း နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (ဒွိပိဋကဓရ) ဆရာတော် ဟောကြားတော်မူသော တရားတော်က **"မိဘကျေးဇူးဆပ်ဖူးပြီလား တရားတော်"**ပင် ဖြစ်ပါတယ်။ အဲဒီတရားတော်မှာက မိဘကျေးဇူးဆပ်ချင်သူများ၊ မိဘမေတ္တာ နှိုင်းဆမရှိဘူးလို့ ယူဆထားသူများ၊ မိဘတို့ရဲ့ကျေးဇူးဂုဏ်တွေကို ရတဲ့နည်းတွေနဲ့ ဆပ်ချင်သူများ၊



မိဘကျေးဇူးတရားကို ကိုယ်တိုင်သိမြင်ပြီး ကျေးဇူးဆပ်ချင်ရင် မိဘများကို ဝိပဿနာတရားရိပ်သာများသို့ အရောက်ပို့ကြပြီး စိတ်ချမ်းသာအောင်ထားကြပါလို့ စသဖြင့် နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

ဦးသုနန္ဒ (မိုးကုတ်) ဆရာတော်က **"အဓိပတိလေးတွေ ကျင့်တတ်စေ တရားတော်"**ပင် ဖြစ်ပါတယ်။ အဲဒီတရားတော်မှာက ရည်ရွယ်ချက်တွေ ကြီးမားပြီး ဘယ်အလုပ်မဆို အဓိပတိတပ်ပြီး လုပ်ကြရမယ်တဲ့၊ ဘယ်အလုပ်မဆို စိတ်ဓာတ်တွေ ခိုင်မာပြီး လုံ့လဝီရိယ အမြဲကြိုးစားရမယ်တဲ့၊ ဘယ်အလုပ်မဆို ရည်ရွယ်ချက်ထား၊ ပညာဉာဏ်နဲ့ အလုပ်လုပ်တဲ့ အဲဒီဉာဏ်နဲ့ စောင့်သာကြည့်ရင် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ ဖြစ်ပျက်ပုံတွေမြင်ရပြီး ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

အရှင်ပုညာနန္ဒ (ပုညာရာမဆရာတော်)က **"အကြောင်းစုံမှ အကျိုးပေးစုံ တရားတော်"** ပဲဖြစ်ပါတယ်။ အဲဒီတရားတော်မှာက အကြောင်းစုံမှ အကျိုးပေးစုံကြောင်း၊ ဒါနစွမ်းအားကြောင့် ချမ်းသာသွားရကြောင်း၊ သံသရာမှာလည်း ဒါနစွမ်းအားကြောင့် စေတနာမှန်လို့ အကျိုးပေးမှန်သွားခြင်း၊ ခန္ဓာရလာသမျှတော့ ခန္ဓာရဲ့ဒုက္ခတွေသိ၊ ဝိပဿနာ ရုပ်နာမ် ဓမ္မ သင်္ခါရတို့ရဲ့ ဖြစ်ပျက်ပုံတွေသိပြီး နိဗ္ဗာန်လမ်းပြ ဟောကြားထား ပါတယ်။

ဦးသုမင်္ဂလ (ဒယ်အိုးဆရာတော်)ကတော့ **"ကိုယ့်နေရာ ကိုယ်နေ တရားတော်"** ပဲဖြစ်ပါတယ်၊ အဲဒီတရားတော်မှာက သံသရာဆိုတာ လည်တတ်တယ်တဲ့ သတိထားပါ။ အစုန်လမ်းကြုံက်သလား၊ အဆန်လမ်း ကြုံက်သလား၊ ကိုယ့်ဘဝနှင့် ကိုယ့်အကြောင်း၊ ကိုယ့်နေရာ ကိုယ်နေတတ်ဖို့ အရေးကြီးကြောင်း၊ ကိုယ့်ကုသိုလ်ကံနဲ့



ကိုယ့်အကြောင်းနဲ့ အကျိုးပေးလာကြမှာ ဖြစ်ကြောင်း နိဗ္ဗာန်လမ်းပြ ဟောကြားထားပါတယ်။

အရှင်နန္ဒိယ (ရွှေပွင့်ဖြူ) ဆရာတော်က **"မိဘကျေးဇူး ဆပ်ဖူးစေချင်တရားတော်"** ဟောကြားထားပါတယ်။ အဲဒီတရားတော်မှာက မိဘတွေကို ကျန်းမာနေစဉ် လောကီနည်းနဲ့ ကူညီကြသလို ဓမ္မနည်းနဲ့ ကျေးဇူးဆပ်သင့်ကြောင်း၊ သဒ္ဓါတရား မရှိသေးတဲ့ မိဘတွေ၊ သီလ သိပ်မထိန်းနိုင်သေးတဲ့ မိဘတွေ၊ ဝိပဿ[illegible] ဘာဝနာ သစ္စာမသိသေးတဲ့ မိဘတွေ၊ ဝိပဿနာရိပ်သာတွေပို့ပြီး န[illegible]ာန်လမ်းပြကြပါလို့ ဟောကြားထားပါတယ်။

ရွှေကန်ဆရာတော် အရှင်ဩဘာသသိရိက **"စိတ်ကိုဆုံးမပါ တရားတော်"** အဲဒီတရားတော်မှာက ယောဂီအပေါင်းတို့ စိတ်အာရုံတွေ မများရခြင်း၊ စိတ်ကို အမြဲပြုပြင်ပေးရခြင်း၊ လူကိုလှအောင် အလှပြင်သလို စိတ်ကိုအလှပြင်တတ်ဖို့ လိုကြောင်း၊ အဲဒီစိတ်ကို အမြဲလှစေချင်သူတွေ ဘယ်လိုပြင်ကြမလဲ ဥပမာတွေပြ စိတ်ကိုဆုံးမ နိဗ္ဗာန်ရကြမှာ ဖြစ်သောကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ဝိပဿနာဉာဏ်ပညာနှင့် သိမြင်သွားအောင် သစ္စာသိမြင် နိဗ္ဗာန်ဝင်နိုင်ဖို့ အရေးလမ်းကြောင်းပေးပြီး ဟောကြားထားပါတယ်။

အထက်ပါတရားတော်များကို စုစည်း ပူဇော်သည့်နေရာမှာ အဆင့်ဆင့် ကူးယူ ဖော်ပြထားသောကြောင့် လိုတာ ပိုတာများရှိပါက နားလည် ခွင့်လွှတ်မှုအပေါင်းနှင့် ဖြည့်စွက် ဖတ်ရှုကြပါရန် အထူးလေးစားစွာဖြင့် မေတ္တာရပ်ခံလျက်. . . .

အရှင်ဉာဏဝရ(သာပေါင်း)